**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း**

၁။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (BASc) (၄)နှစ်သင်တန်းသို့ တက်ရောက်ပညာသင်ကြားခွင့်ရရှိရန်အတွက် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ (က) တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM)(၆)နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၄၃၀)မှတ်နှင့် အထက်ရရှိသူ အမျိုးသားဦးရေ(၅၀)ဦးနှင့် အမျိုးသမီးဦးရေ (၅၀)ဦး စုစုပေါင်း (၁၀၀)ဦး လက်ခံမည်။

(ခ) မွေးမြူရေးပညာဘွဲ့(BASc)(၄)နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၃၈၀)မှတ်နှင့်အထက်ရရှိသူ အမျိုးသားဦးရေ(၇၅)ဦးနှင့် အမျိုးသမီးဦးရေ(၇၅)ဦး စုစုပေါင်း (၁၅၀)ဦး လက်ခံမည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည် -

(က) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(ဂ) ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (၂၅) ရက်တွင် အသက်(၁၈)နှစ်ထက် မကြီးစေရ။

(ဃ) ကျန်းမာရေးနှင့် ပြည့်စုံသူ ဖြစ်ရမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်နှင့် (A4 Size) စာရွက်ဖြင့် ကွန်ပျူတာစာစီ၍ သတ်မှတ်ရက်အတွင်း တိုက်ရိုက် လျှောက်ထားရန် ဖြစ်ပါသည်။

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲ တင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ထောက်ခံချက်(မူရင်း)

(ခ) တက္ကသိုလ်ဝင် အမှတ်စာရင်း (မူရင်း)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)

(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)

(င) လိုင်စင်ဓာတ်ပုံ(၄)ပုံ